# အသိဉာဏ်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများအတွက်

# အသိဉာဏ်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများအတွက် ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှု

**အဲတာက ဘာလဲ။**

အသိဉာဏ်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများသည် OPWDD ဟုခေါ်ကြသည့် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများရုံး မှ ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများ ရယူရန် သင့်လျော်သူများ ဖြစ်သည်။ ယင်းဝန်ဆောင်မှုများအတွက် ညှိနှိုင်းဆောင်ရွက်မှုသည် ပံ့ပိုးကူညီမှုများမှ တစ်ခုဖြစ်သည်။

ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှု အဖွဲ့အစည်းများ (COO's) သည် နေအိမ်အခြေပြု ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ရပ်ရွာအခြေပြု ကျန်းမာရေး ဝန်ဆောင်မှုများ စသည့် ဝန်ဆောင်မှုနှစ်မျိုးလုံးနှင့် ညှိနှိုင်း ဆောင်ရွက်သည်။

**ဘယ်သူတွေကို သက်ရောက်မှုရှိသနည်း။**

၂၀၁၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မတိုင်ခင်အထိ ဝန်ဆောင်မှုများကို Medicaid ဝန်ဆောင်မှု ညှိနှိုင်းရေးမှူးများ (MSC's)က ပြုလုပ်ပေးပါသည်။ ဇူလိုင်လ ၁ ရက်နေ့ နောက်ပိုင်းဝန်ဆောင်မှုများကို ယခုချိန်တွင်တော့ ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှု အဖွဲ့အစည်း များ (CCO) က (ဝန်ဆောင်မှု) ပေးပါသည်။ ဝန်ဆောင်မှုများအတွက် ညှိနှိုင်းဆောင်ရွက်သည့် ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှု အဖွဲ့အစည်းများ (CCO) သည် အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများရုံး (OPWDD) က ဝန်ဆောင်မှုများပေးသည့် အေဂျင်စီ (အဖွဲ့များ)နှင့် ဆက်သွယ် ထားတော့မည် မဟုတ်ပါ။

အဖွဲ့အစည်းတစ်ခုချင်းစီတွင် ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းရေးမှူး သို့မဟုတ် ပြုစုစောင့်ရှောက်ရေး မန်နေဂျာ သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အိမ်တွင်း ပြုစုစောင့်ရှောက်ရေး မန်နေဂျာ ကဲ့သို့သော ယင်း တစ်ဦးတစ်ယောက်ချင်းတို့အတွက် မတူညီသော ရာထူးအခေါ်အဝေါ်များ ရှိနိုင်ပါသည်။ ၎င်းတို့၏ ရာထူးအခေါ်အဝေါ်များ ကွဲပြားသော်လည်း ၎င်းတို့၏ အခန်းကဏ္ဍသည် အတူတူပင်ဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်သည် အောက်ပါတို့နှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီပါလိမ့်မည်-

- ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများရုံး (OPWDD)နှင့်စပ်လျဉ်းသည့် ဝန်ဆောင်မှုများ၊ အမူအကျင့်ဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ဆေးပညာ/ကုသမှုဆိုင်ရာ ဝန်ဆောင်မှုများပါဝင်သည့် စနစ်အသီးသီးရှိ ဝန်ဆောင်မှုများအတွက် ညှိနှိုင်း ဆောင်ရွက်ခြင်း။
- တစ်သက်တာ အစီအမံ (ယခင်က သီးသန့်ဖော်ဆောင်ထားသည့် ဝန်ဆောင်မှု အစီအစဉ် သို့မဟုတ် ISP ဟု သိထားသည့်) ရေးဆွဲခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ခေတ်နှင့်အညီမွမ်းမံခြင်း
- ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများအတွက် ချိတ်ဆက်မှု၊ ညွှန်းပို့မှုနှင့် စည်းရုံးလှုံ့ဆော်မှု
- အထက်တန်းကျောင်းမှ အရွယ်ရောက်သူများထံ ဝန်ဆောင်မှုများ၊ ဆေးရုံတင်/တက်ခြင်းမှ ဆေးရုံဆင်းခွင့်ပြုခြင်းနှင့် နောက်ထပ်အရာများ ကဲ့သို့သော ဘဝ၏အကူးအပြောင်းများ

**သင်ဘာဆက်လုပ်သင့်သနည်း။**

ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှု အဖွဲ့အစည်းများ (CCO) နှင့်မဆက်သွယ်ရသေးလျှင်၊ တစ်ဦးတစ်ယောက် သို့မဟုတ် ပြုစုစောင့်ရှောက်ပေးသူသည် စာရင်းပေးသွင်းသည့် ပုံစံတစ်ခုကို မဖြစ်မနေ ပြည့်စုံစွာဖြည့်သွင်းရမည်ဖြစ်ပြီး ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှု အဖွဲ့အစည်း (CCO) တစ်ဖွဲ့ကိုလည်း ရွေးချယ်ရမည်။

ပံ့ပိုးကူညီသည့် အဆင့် ၂ ဆင့် ရှိပါသည်။ ပထမအဆင့်သည် လိုအပ်ချက်အဆင့် မြင့်မားသူများအတွက်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ အိမ်တွင်းပြုစုစောင့်ရှောက်ရေး စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲပြီး ပြုစုစောင့်ရှောက်ရေး အစီအစဉ်တစ်ခုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးရမည်။ နေအိမ်နှင့် ရပ်ရွာအခြေပြုဝန်ဆောင်မှုများ အခြေခံအစီအစဉ် (HCBS) သည် ဘက်စုံပြုစုစောင့်ရှောက်ရေး စီမံခန့်ခွဲ မှုကို ပံ့ပိုးပေးပါသည်။

PARENT NETWORK OF WESTERN NEW YORK
www.parentnetworkwny.org
info@parentnetworkwny.org
716.332.4170

IDEAs that Work
U.S. Office of Special Education Programs

ဤစာရွက်စာတမ်း၏ မာတိကာ (ပါဝင်သည့်အကြောင်းအရာများ)ကို အမေရိကန်နိုင်ငံ ပညာရေးဌာနမှ ထောက်ပံ့ကြေး တစ်ခုအရ ဆောင်ရွက်ခဲ့သည်။ #H325160003. သို့သော်လည်း ဤပါဝင်သည့်အကြောင်းအရာများသည် အမေရိကန်နိုင်ငံ ပညာရေးဌာန၏ မူဝါဒကို သေချာပေါက် ကိုယ်စားမပြုပါ။ ထို့အပြင် သင့်အနေဖြင့် ဗဟိုအစိုးရ အတည်ပြုချက်ဖြစ်သည်ဟု မယူဆသင့်ပါ။

# အသိဉာဏ်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများအတွက် ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှု

| ကျန်းမာရေးဆိုင်ရာ အိမ်တွင်း ပြုစုစောင့်ရှောက်ရေး စီမံခန့်ခွဲမှုနှင့် နေအိမ်နှင့် ရပ်ရွာအခြေပြု ဝန်ဆောင်မှုများ အခြေခံ အစီအစဉ် (HCBS) ပံ့ပိုးကူညီမှု | ကျန်းမာရေးဆိုင်ရာ အိမ်တွင်း ပြုစုစောင့်ရှောက်ရေး စီမံခန့်ခွဲမှု | နေအိမ်နှင့် ရပ်ရွာအခြေပြုဝန်ဆောင်မှုများ အခြေခံ အစီအစဉ် (HCBS) ပံ့ပိုးကူညီမှု |
|---|---|---|
| ပြုစုစောင့်ရှောက်ရေးအစီအစဉ် ရေးဆွဲပြီးနောက် တစ်နှစ် နှစ်ကြိမ် ပြန်လည်သုံးသပ်သည်။ | ✓ | ✓ |
| ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည်။ | ✓ | ✓ |
| အမူအကျင့်ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ | ✓ | |
| ဆေးပညာနှင့် သွားနှင့်ခံတွင်း ဝန်ဆောင်မှုများ လက်လှမ်းမီရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ | ✓ | |
| ရပ်ရွာအခြေပြု အရင်းအမြစ်များ ဖော်ထုတ်သည်။ | ✓ | |
| သင်၏ ဝန်ဆောင်မှုများကို ချိတ်ဆက်ရန် နည်းပညာအသုံးပြုသည်။ | ✓ | |
| သင်၏ ပြုစုစောင့်ရှောက်မှုပေးသူများကို ဆက်သွယ်သည်။ | ✓ | |
| မိသားစုများနှင့် တစ်ဦးတစ်ယောက်ချင်းတို့မှ လမ်းကြောင်းပြစနစ်များကို တာဝန်ယူသည်။ | ✓ | |
| အနာဂတ်လိုအပ်ချက်များကို ကြိုတင်မျှော်မှန်းသည်။ | ✓ | |

ညှိနှိုင်းရေးမှူး၏ တာဝန်ဝတ္တရားများသည် တစ်ဦးတစ်ယောက်ချင်းနှင့် မိသားစုများ စနစ်အသီးသီးနှင့် အဖွဲ့အစည်း အသီးသီး တစ်လျှောက် ၎င်းတို့သွားလာနေသည့်အားလျော်စွာ ကြုံတွေ့ရသည့် အခက်အခဲများကို လျော့ပါးသွားစေသင့်သည်။ အီလက်ထရောနစ် မှတ်တမ်းများ လက်လှမ်းမီရေးသည်လည်း တစ်ဦးတစ်ယောက်ချင်းနှင့် မိသားစုများအတွက် ရရှိနိုင်ပါ လိမ့်မည်။

PARENT NETWORK OF WESTERN NEW YORK
www.parentnetworkwny.org
info@parentnetworkwny.org
716.332.4170

IDEAs that Work
U.S. Office of Special Education Programs

ဤစာရွက်စာတမ်း၏ မာတိကာ (ပါဝင်သည့်အကြောင်းအရာများ)ကို အမေရိကန်နိုင်ငံ ပညာရေးဌာနမှ ထောက်ပံ့ကြေး တစ်ခုအရ ဆောင်ရွက်ခဲ့သည်။ #H325160003. သို့သော်လည်း ဤပါဝင်သည့်အကြောင်းအရာများသည် အမေရိကန်နိုင်ငံ ပညာရေးဌာန၏ မူဝါဒကို သေချာပေါက် ကိုယ်စားမပြုပါ။ ထို့အပြင် သင့်အနေဖြင့် ဗဟိုအစိုးရ အတည်ပြုချက်ဖြစ်သည်ဟု မယူဆသင့်ပါ။